Highlights from DVB Debate's Nurture Nature Show

"Does Myanmar Nurture its Nature?"

08/11/2014

---

"အတိတ်မှာမှားခဲ့တာတွေလဲ အများကြီးပါ. အခုလက်ရှိမှာတော့ ကျနော်တို့ ပတ်ဝန်းကျင်ဦးစီးဌာနအနေနဲ့ ရှိတဲ့ capacityနဲ့ ဖွံ့ဖြိုးမှုစီမံကိန်းတွေကြောင့် သဘာဝပတ်ဝန်းကျင်ထိခိုက်မှုတွေ အနည်းဆုံးဖြစ်အောင် လုပ်နေတယ်။ စီးပွားရေးသမားတွေကိုလည်း သဘာဝပတ်ဝန်းကျင်ဆိုင်ရာစီမံခန့်ခွဲမှုပါဝင်တဲ့ စီမံကိန်းမျိုးတွေဖြစ်အောင် plan ဆွဲဖို့ တွန်းအားပေးနေတယ်"

ဦးလှမောင်သိန်း - ဒုညွှန်ကြားရေးမှူးချုပ်( ပတ်ဝန်းကျင်ထိန်းသိမ်းမှုဦးစီးဌာန)

---

"ကျမတို့ကိုဆို အစိုးရက ငါတို့ကိုဆန့်ကျင်နေတဲ့သူတွေလို့ မြင်တယ်. စီးပွားရေးလုပ်ငန်းရှင်တွေက ရန်သူလို့ မြင်တယ်။ ကျမတို့က ဖွံ့ဖြိုးရေးလုပ်ငန်းတွေကို တားဆီးနေတာ မဟုတ်ဘူး လုပ်ရမယ် ဒါပေမယ့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းမှု စံချိန်စံညွှန်းတွေနဲ့လုပ်လို့ ပြောချင်တာ။"

ဒေါ်ဒေဝီသန့်စင် - မြန်မာအစိမ်းရောင်ကွန်ရက် တာဝန်ခံ

---

"ရွှေတူးတာ၊ သစ်ခုတ်တာတွေထက် ပတ်ဝန်းကျင်ထိခိုက်မှု အများဆုံးဖြစ်စေတာက ကျောက်မီးသွေးထုတ်တာ. အခုဆို ကျနော်တို့နိုင်ငံရဲ့ အိမ်နီးချင်းနိုင်ငံတွေမှာ ကျောက်မီးသွေးလျှော့သုံးဖို့ လုပ်နေပြီ အစီအစဉ်တွေဆွဲနေပြီ။ ကျနော်တို့ စွမ်းအင်မူဝါဒက ကျောက်မီးသွေးပိုသုံးမယ်လို့ ပြောနေတယ် အဲတော့ မူဝါဒချမှတ်သူတွေ ထိပ်ပိုင်းကသူတွေက လက်တွေ့အောက်ခြေနဲ့ကင်းကွာနေတယ်။"

ဦးကျော်ဦး - ရေသန့်အင်ဂျင်နီယာ၊ စာရေးဆရာ

---

"သတ္တုတွင်းစီမံကိန်းတွေလုပ်ရင် လုပ်ငန်းစဉ်တွေကို စောင့်ကြည့်စစ်ဆေးရမယ့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ပညာရှင်တွေ မဖြစ်မနေ လိုတယ်. အဲဒီလို ပညာရှင်တွေ မဆလခေတ်ထိတော့ ရှိလိုက်သေးတယ်။ အခုတော့ ကျောင်းဆင်းအင်ဂျင်နီယာတွေအစား အခြား အခြားသော သူတွေရောက်နေတာပေါ့။ လူမှန် နေရာမှန် မရှိတဲ့ ပြဿနာ။"

ဦးစောမိုးမြင့် - သတ္တုတွင်းပညာရှင်

---

“လှိုင်သာယာစက်မှုဇုန်မှာဆို ရေဆိုးသန့်စင်စက်တွေလိုတယ်၊ စွန့်ပစ်တဲ့မြောင်းတွေ ချဲ့ဖို့လိုနေတယ်။ အခုမြောင်းတွေက ၂ ပေလောက်ပဲရှိတယ်။ စက်မှုဇုန်စဆောက်ကတည်းက သေချာလုပ်မသွားဘူးလေ အဆင်ပြေသလိုပဲ လုပ်သွားသလိုဖြစ်နေတယ်။ ပတ်ဝန်းကျင်မထိခိုက်အောင် စနစ်တကျ အမှိုက်စွန့်တာ၊ ရေဆိုးစွန့်တာလုပ်ဖို့ကလည်း ကုန်ကျမှုကြီးတော့ လုပ်ငန်းရှင်တွေလဲ တချို့မှလုပ်နိုင်တာရှိတယ်။”

ဦးမြတ်သင်းအောင် - ဥက္ကဋ္ဌ (လှိုင်သာယာစက်မှုဇုန်စီမံခန့်ခွဲမှုကော်မတီ)

---

“ရေဆိုးစွန့်ပစ်မှုက တော်ရုံလူ မြင်နိုင် သိနိုင်တာ မဟုတ်ဘူး။ ဟိုတယ်တချို့ စက်ရုံတချို့စွန့်နေတာပဲ.. အနံ့အသက်ကလဲ သိပ်များများမှထွက်လာတော့ တော်ရုံမသိနိုင်ဘူး။ ရန်ကုန်မြို့က ရေပိုက်လိုင်းတွေ အင်္ဂလိပ်ခေတ်ကတည်းက…ဒီနေ့အချိန်ထိ ပိုက်လိုင်းချဲ့တာတွေ မတွေ့ဘူး. ပိုက်လိုင်းတွေတော့ မချဲ့ဘူး အထပ်မြင့် အဆောက်အအုံတွေက အများကြီးဆောက်လာနေတယ်..သူတို့အတွက် ရေ မစီစဉ်ပေးနိုင်ဘူး မြေအောက်ရေလဲမပေးဘူး ဆိုတော့.. စကတည်းက သဘာဝပတ်ဝန်းကျင်ကျွမ်းကျင်တဲ့သူတွေနဲ့ တိုင်ပင်ပြီးမှ လုပ်သင့်တာတွေလေ။ အစိုးရအနေနဲ့က စီမံခန့်ခွဲမှု၊ မူဝါဒအပိုင်းတွေမှာ ဘေးကျပ်နံကျပ်ဖြစ်နေပုံပေါက်တယ်။”

ဦးကျော်ဦး - ရေသန့်အင်ဂျင်နီယာ၊ စာရေးဆရာ

---